# မြန်မာနိုင်ငံ၏ [ပညာရေးနှင့် အလုပ်အကိုင်] ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ

**၂၀၁၆ ခုနှစ်၊ ဇူလိုင်လ**

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့်ပတ်သက်၍ ပညာရေးနှင့် အလုပ်အကိုင် ကိန်းဂဏန်းဆိုင်ရာသုံးသပ်ချက်များကို ဖော်ပြထားပါသည်။ ဤစာတမ်းတိုကို အချက်အလက်အသစ်များ ရရှိသည့်အပေါ်မူတည်၍ လစဉ်/ ၂လတစ်ကြိမ်/ ၃လတစ်ကြိမ် မွမ်းမံပြီးထုတ်ဝေသွားပါမည်။ အချက်အလက်များအားလုံးအတွက် လစဉ်အချက်အလက်အသစ်ရရှိသည်မဟုတ်ပါ၊ အချို့အချက်အလက်များမှာ တစ်နှစ်တစ်ကြိမ် ထုတ်ပြန်သည်မျိုးလည်းရှိပါသည်။ ထို့ကြောင့် စာတမ်းတိုပါ အချို့အချက်အလက်များနှင့် သုံးသပ်ချက်များသည် ထုတ်ဝေမှုတစ်ခုနှင့်တစ်ခုအကြား တူညီနိုင်ပါသည်။ စာတမ်းတိုတွင် မူဝါဒများကို ပြည့်စုံစွာသုံးသပ်ထားခြင်းမျိုးမပါရှိပါ၊ အချက်အလက်ဖြစ်ပျက်စဉ်များ(trend) နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။

**ရေးသားပြုစုသူ။ ဒေါ်နန်းခင်မိုးအေး၊ ဒေါ်ခင်သော်နှင်း**

# မြန်မာ့ပညာရေးဆိုင်ရာညွှန်းကိန်းများ

(၂၃.၆.၂၀၁၆ ရက်နေ့တွင် နောက်ဆုံးရရှိထားသောအချက်အလက်များအရ)[၁]

## မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း

**မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်း**
**(ရာခိုင်နှုန်း)**




*Source: World bank*

**အာဆီယံနိုင်ငံများ၏ စာတတ်မြောက်မှုနှုန်း**
**(ရာခိုင်နှုန်း)**




*Source: World bank*

---

၁။http://databank.worldbank.org/data/home.aspx

မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၂၀၁၃ခုနှစ်တွင် (၉၃)ရာခိုင်နှုန်းခန့် ရှိပါသည်။ ရရှိထားသောအချက်အလက်မှတ်တမ်းများအရ ၁၉၈၃ခုနှစ်၊ ၂၀၀၀ခုနှစ် နှင့် ၂၀၁၃ခုနှစ်များကို နှိုင်းယှဉ်ကြည့်လျှင် စာတတ်မြောက်နှုန်းတိုးတက်လာသည်။ ကမ္ဘာ့ဘဏ်မှ ရရှိသည့်အချက်အလက်များအရ စင်ကာပူနိုင်ငံ၏ ၂၀၁၃ခုနှစ် စာတတ်မြောက်နှုန်း (၉၇ရာခိုင်နှုန်းခန့်)သည် မြန်မာနိုင်ငံထက်မြင့်ပြီး ကမ္ဘောဒီးယား နိုင်ငံ၏၂၀၀၉ခုနှစ် စာတတ်မြောက်နှုန်း(၇၄ရာခိုင်နှုန်းခန့်) သည် မြန်မာနိုင်ငံထက် နိမ့်ပါသည်။

## မြန်မာနိုင်ငံ၏ ကျောင်းသား/ဆရာအချိုး

**မြန်မာနိုင်ငံ၏ ကျောင်းသား/ဆရာအချိုး**

| | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|---|---|---|
| မူလတန်းအဆင့်ပညာရေး | ၂၉.၁ | ၂၈.၈ | ၂၈.၄ | ၂၈.၂ | .. | .. | .. | ၂၇.၆ |
| အလယ်တန်းအဆင့်ပညာရေး | ၃၂.၈ | ၃၄.၅ | ၃၄.၂ | ၃၄.၁ | .. | .. | .. | ၃၁.၈ |
| တက္ကသိုလ်အဆင့်ပညာရေး | ၄၇.၆ | .. | .. | .. | ၂၈.၄ | ၂၅.၃ | .. | .. |

" .." အချက်အလက်မရရှိနိုင်ပါ။

*Source: World bank, World development indicators*

မြန်မာနိုင်ငံ၏မူလတန်းအဆင့်ပညာရေးတွင် ကျောင်းသား/ဆရာအချိုးမှာ ၂၀၁၄ခုနှစ်တွင် ကျောင်းသား(၂၈)ယောက်လျှင် ဆရာတစ်ဦးနှုန်းအချိုးဖြစ်၍ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ကျောင်းသား/ဆရာအချိုး လျော့နည်းလာပါသည်။ ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံ၏မူလတန်းပြဆရာ/ဆရာမဦးရေမှာ (၁၈၈၀၀၀)နီးပါး ရှိပါသည်။ အလယ်တန်းအဆင့်ပညာရေးတွင် ကျောင်းသား/ဆရာအချိုးမှာ ၂၀၁၄ခုနှစ်တွင် (၃၁.၈) ဖြစ်၍ ၂၀၀၇ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ်အထိနှစ်များနှင့် နှိုင်းယှဉ်လျှင် ကျောင်းသား/ ဆရာအချိုးလျော့နည်းလာပါသည်။ တက္ကသိုလ်အဆင့် ပညာရေးတွင်လည်း ၂၀၁၂ခုနှစ်တွင် ကျောင်းသား(၂၅)ဦးတွင် ဆရာတစ်ဦးနှုန်း အချိုးဖြစ်၍ ၂၀၀၇ခုနှစ်တွင် ကျောင်းသား(၄၈)ဦးတွင် ဆရာတစ်ဦးအချိုးရှိသဖြင့် ၂၀၁၂ခုနှစ် မတိုင်မီနှစ်များတွင် ကျောင်းသား/ဆရာအချိုးကွာဟချက်မြင့်မား ခဲ့သော်လည်း ၂၀၁၂ခုနှစ် တွင် ကျောင်းသား/ဆရာအချိုးကွာဟချက် လျော့နည်း လာပါသည်။

## မြန်မာနိုင်ငံ၏ မူလတန်းပြ၊ အလယ်တန်းပြနှင့် တက္ကသိုလ်ဆရာမရာခိုင်နှုန်းအား အာဆီယံနိုင်ငံများရှိဆရာမရာခိုင်နှုန်းများနှင့် နှိုင်းယှဉ်ပြခြင်း




*Source: World bank, World development indicator*




*Source: World bank, World development indicator*




*Source: World bank, World development indicator*

အာဆီယံနိုင်ငံများ၏ နောက်ဆုံးရအချက်အလက်များနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ဆရာမရာခိုင်နှုန်းမှာ မူလတန်းအဆင့်တွင် ဒုတိယအများဆုံးနှင့် အလယ်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်များတွင် အများဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ဆရာမရာခိုင်နှုန်းမှာ ပညာရေးအဆင့်တိုင်းတွင် (၈၀)ရာခိုင်နှုန်းကျော် ဖြစ်သည်။ ဆရာရာခိုင်နှုန်းမှာ (၂၀)ရာခိုင်နှုန်းခန့်သာရှိပါသည်။ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်တွင် အာဆီယံနိုင်ငံအားလုံး၌ ဆရာမရာခိုင်နှုန်းမှာ (၅၀) ရာခိုင်နှုန်းနှင့်အထက်ရှိပါသည်။ တက္ကသိုလ်အဆင့်တွင် အာဆီယံနိုင်ငံအများစု၌

ဆရာမရာခိုင်နှုန်းလျော့နည်းသွားပါသည်။ သို့သော် မြန်မာနိုင်ငံ၏ဆရာမရာခိုင်နှုန်းမှာ (၈၀.၁)ရာခိုင်နှုန်းဖြစ်ပါသည်။

## အာဆီယံနိုင်ငံများ၏ ပညာရေးအသုံးစရိတ်များ



*Source: World bank*

မြန်မာနိုင်ငံ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပညာရေးအသုံးစရိတ်သည် GDP၏ (၁.၈) ရာခိုင်နှုန်းဖြစ်ပြီး အခြားသောအာဆီယံနိုင်ငံများ၏ နောက်ဆုံးရအချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာနိုင်ငံ၏ပညာရေးအသုံးစရိတ်မှာ GDP ၏ရာခိုင်နှုန်းအနည်းဆုံးဖြစ်ပါသည်။ အာဆီယံနိုင်ငံများတွင် ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့၏ပညာရေးအသုံးစရိတ်သည် GDP ရာခိုင်နှုန်းအရ အမြင့်ဆုံးဖြစ်ပြီး GDP၏ (၆.၃) ရာခိုင်နှုန်းဖြစ်ပါသည်။

# မြန်မာ့အလုပ်အကိုင်ညွှန်းကိန်းများ

(၂၃.၆.၂၀၁၆ ရက်နေ့တွင် နောက်ဆုံးရရှိထားသောအချက်အလက်များအရ)[၂]

## လုပ်သားအင်အားပါဝင်မှုနှုန်း(စုစုပေါင်း)(၂၀၁၄)




*Source : Worldbank*

၂၀၁၄ခုနှစ်၌ မြန်မာနိုင်ငံသည် အသက်၁၅နှစ်မှ ၆၄နှစ် စုစုပေါင်းလူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ၈၂ ရာခိုင်နှုန်းရှိပြီး အာဆီယံနိုင်ငံများတွင် တတိယ အများဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အထက်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့သာရှိပါသည်။ အာဆီယံနိုင်ငံများတွင် လုပ်သားအင်အားပါဝင်မှုနှုန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကမ္ဘောဒီးယားနိုင်ငံသည် အများဆုံးဖြစ်ပြီး မလေးရှား နိုင်ငံသည် အနည်းဆုံးဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်မှရရှိထားသော မှတ်တမ်းများအရ ၁၉၉၀မှစ၍မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ တဖြည်းဖြည်း

---

၂။ http://databank.worldbank.org/data/home.aspx

မြင့်တက်လာပါသည်။ ၂၀၁၂ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်း လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၈၂ ရာခိုင်နှုန်းဖြစ်ပြီး ၎င်းရာခိုင်နှုန်းသည် မြန်မာနိုင်ငံအတွက် အမြင့်ဆုံးရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

## ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူအရေအတွက်[၃]

**ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူ အရေအတွက်**

| | ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူ စုစုပေါင်း | ထိုင်း | မလေးရှား | ကိုရီးယား | စင်ကာပူ | ကာတာ | ယူအေအီး | ကူဝိတ် | ဂျပန် | ဟောင်ကောင် |
|---|---|---|---|---|---|---|---|---|---|---|
| ၁၀-၂၀၁၂ | ၆၆၅၉ | ၄၂၇၆ | ၂၃၅၇ | ၁၅ | ၁၁ | - | - | - | - | - |
| ၁၀-၂၀၁၃ | ၈၀၉၅ | ၂၂၂၂ | ၅၆၃၆ | ၂၁၂ | ၂၀ | ၅ | - | - | - | - |
| ၁၀-၂၀၁၄ | ၅၈၉၉ | ၁၅၂၇ | ၃၉၈၀ | ၂၁၈ | ၃၀ | - | - | - | ၁၃၆ | ၈ |
| ၀၇-၂၀၁၅ | ၁၀၂၉၉ | ၆၃၀၆ | ၃၁၉၄ | ၆၆၉ | ၁၃ | - | - | - | ၁၁၇ | - |
| ၀၈-၂၀၁၅ | ၇၃၀၂ | ၄၇၉၂ | ၂၁၇၈ | ၂၀၆ | ၈ | - | ၁၃ | - | ၁၀၅ | - |
| ၀၉-၂၀၁၅ | ၉၅၇၇ | ၅၀၄၇ | ၄၀၀၂ | ၃၅၇ | ၂၆ | - | ၁၉ | - | ၁၂၆ | - |
| ၁၀-၂၀၁၅ | ၉၇၇၃ | ၅၁၉၄ | ၄၁၅၇ | ၁၇၆ | ၄၆ | - | ၆ | - | ၁၉၃ | - |

*Source : mmsis.gov.mm*

ဇယားတွင်တွေ့ရှိရသည့်အတိုင်း၂၀၁၅ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံမှ ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူ (၉,၇၇၃) ဦး ရှိသည့်အနက် ထိုင်းနိုင်ငံသို့သွားရောက်သူ (၅,၁၉၄) ဦးနှင့် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူဦးရေ (၄,၁၅၇) ဦးရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူဦးရေသည် လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ တဖြည်းဖြည်းများပြားလာရာ ၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူဦးရေ တစ်သောင်းကျော်ထိရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ ၂၀၁၅ခုနှစ်၊ ဩဂုတ်လတွင် ပြည်ပသို့တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူ (၇,၃၀၂)ဦးနှင့် စက်တင်ဘာလတွင် (၉,၅၇၇)ဦး ရှိခဲ့ပြီး အောက်တိုဘာလ

[၃]။ http://mmsis.gov.mm/sub_menu/statistics/statDbList.jsp?vw_cd=MT_ZTITLE&self_id=195_006

တွင် ပြည်ပသို့တရားဝင် သွားရောက်အလုပ်လုပ်ကိုင်သူ ပိုမိုများပြားလာကြောင်း တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း




*Source : Worldbank*

အလုပ်လက်မဲ့ဖြစ်ခြင်းဆိုသည်မှာ အလုပ်လုပ်နိုင်သောအခြေအနေရှိပြီး လွန်ခဲ့သော ရက်သတ္တပတ် (၄)ပတ်အတွင်း အလုပ်ရှာဖွေခဲ့ပြီး အလုပ်ရရှိပါက ရက်သတ္တပတ် (၂)ပတ်အတွင်း စတင်အလုပ်လုပ်ကိုင်နိုင်သူများ အလုပ်မရှိခြင်းကို ခေါ်ဆိုပါသည်။

ကမ္ဘာ့ဘဏ်မှရရှိထားသောမှတ်တမ်းများအရ ၂၀၁၂ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ စုစုပေါင်းအလုပ်လက်မဲ့နှုန်း ၃.၃ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပြီး ၎င်းရာခိုင်နှုန်းသည် မြန်မာနိုင်ငံအတွက် အနည်းဆုံးရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၁၉၉၁ခုနှစ်မှစ၍ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၁၉၉၈ခုနှစ်တွင် စုစုပေါင်းအလုပ်လက်မဲ့နှုန်းသည် ၄ရာခိုင်နှုန်းထိမြင့်တက်ခဲ့ပါသည်။ လုပ်သား

အင်အားစုစုပေါင်း၏အမျိုးသမီးအလုပ်လက်မဲ့နှုန်းမှာ အမျိုးသားအလုပ်လက်မဲ့နှုန်း ထက် ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။

## အာဆီယံနိုင်ငံများ၏ အလုပ်လက်မဲ့နှုန်း

**အာဆီယံနိုင်ငံများ၏ အလုပ်လက်မဲ့နှုန်း**

**လုပ်သားအင်အားစုစုပေါင်း၏ရာခိုင်နှုန်း (%)**

| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|
| မြန်မာ | ၃.၄ | ၃.၄ | ၃.၃ | ၃.၃ | ၃.၃ |
| ဘရူနိုင်း | ၃.၇ | ၃.၇ | ၃.၈ | ၃.၈ | ၃.၈ |
| ကမ္ဘောဒီးယား | ၀.၄ | ၀.၃ | ၀.၂ | ၀.၃ | ၀.၄ |
| အင်ဒိုနီးရှား | ၇.၁ | ၆.၆ | ၆.၁ | ၆.၃ | ၆.၂ |
| လာအို | ၁.၄ | ၁.၄ | ၁.၄ | ၁.၃ | ၁.၄ |
| မလေးရှား | ၃.၄ | ၃.၁ | ၃.၀ | ၃.၂ | ၂.၀ |
| ဖိလစ်ပိုင် | ၇.၃ | ၇.၀ | ၇.၀ | ၇.၁ | ၇.၁ |
| စင်ကာပူ | ၃.၁ | ၂.၉ | ၂.၈ | ၂.၈ | ၃.၀ |
| ထိုင်း | ၁.၀ | ၀.၇ | ၀.၇ | ၀.၇ | ၀.၉ |
| ဗီယက်နမ် | ၂.၆ | ၂.၀ | ၁.၈ | ၂.၂ | ၂.၃ |

*Source : Worldbank*

၂၀၁၄ခုနှစ်၌ မြန်မာနိုင်ငံသည် လုပ်သားအင်အားစုစုပေါင်း၏ စုစုပေါင်း အလုပ်လက်မဲ့နှုန်း ၃.၃ ရာခိုင်နှုန်းရှိပြီး အာဆီယံနိုင်ငံများတွင် စတုတ္ထ အများဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အထက်တွင် ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သာရှိပါသည်။ အာဆီယံနိုင်ငံများတွင် ၂၀၁၄ ခုနှစ်၌ လုပ်သားအင်အားစုစုပေါင်း၏ အလုပ်လက်မဲ့နှုန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဖိလစ်ပိုင်နိုင်ငံသည် အများဆုံးဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံသည် အလုပ်လက်မဲ့နှုန်း အနည်းဆုံးဖြစ်ပါသည်။